INNOVATIONS FOR SUCCESSFUL SOCIETIES

# ကိုလံဘီယာနိုင်ငံ Bogota မြို့၌ ၁၉၉၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း - မမျှော်လင့်ထားသော ပြောင်းလဲမှုကို ဖန်တီးခြင်းနှင့် ပေါင်းစည်းခြင်း

## အနှစ်ချုပ်

နိုင်ငံတကာတွင် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သော Bagota မြို့သည် ၁၉၈၀ ပြည့်နှစ်များ နှောင်းပိုင်းတွင် အဂတိလိုက်စား၍ ကောင်းမွန်စွာ လုပ်ဆောင်မှုမရှိသော အစိုးရကြောင့် ကမ္ဘာ့နိုင်ငံများအနက် နေထိုင်ရန် အဆိုးရွားဆုံးမြို့တော်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ ၁၉၈၆ ခုနှစ်တွင် Bagota မြို့တော်ဝန်ဟောင်း Virgilio Barco မှ သမ္မတဖြစ်လာခဲ့ပြီး "ကျွန်တော် တာဝန်ယူခဲ့စဉ်က တိုးတက်တဲ့မြို့ဟာ ခုအချိန်မှာ မြို့ပြတွေမှာ မင်းမဲ့စရိုက်၊ ပရမ်းပတာ၊ အလွန်ကစဉ်းကလျားဖြစ်တဲ့အခြေအနေတွေ တွေ့နေရတယ်" ဟုကြေကွဲစွာ ပြောကြားခဲ့ပါသည်။ ၁၉၉၂ ခုနှစ်အစပိုင်းတွင် Bagota မြို့၌ မြို့တော်အတွင်း အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သော မြို့တော်ဝန်များ ရှိခဲ့ပါသည်။ ၎င်းတို့အနက် ပထမဆုံးမြို့တော်ဝန်မှာ Jaime Castro (၁၉၉၂-၁၉၉၄) ဖြစ်ပါသည်။ ၎င်းသည် ဘဏ္ဍာရေးနှင့် နိုင်ငံရေးမူဘောင်ကို ပြုပြင်ပြောင်းလဲမှုတစ်ရပ်လုံး၏ ဗဟိုပင်မအဖြစ် မြို့တော်ဝန်ရုံးမှ ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ Castro အား ဆက်ခံသူ Antanas Mockus (၁၉၉၅-၁၉၉၄) နှင့် (၂၀၀၁-၂၀၀၃) သည် မြို့တော်ကောင်စီအပေါ် အတိုက်အခံအဖြစ် အမြစ်တွယ်မှုများကို ပြန်လည်ပေါင်းစည်းခြင်း နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်၍ ပြည်သူလူထုမှ ထင်သာမြင်သာရှိသော အကျိုးကျေးဇူးများ ရရှိစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ Bagoda မြို့အား လက်တင်အမေရိက "စံပြမြို့တော်" အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် အစပိုင်းတွင် Mokus သည် ကိုလံဘီယာနိုင်ငံ၏ ရွေးကောက်ပွဲတွင် ထင်ရှားသော သမ္မတလောင်းအဖြစ် ကျော်ကြားလာခဲ့ပါသည်။

*Matthew Devlin နှင့် Sebastain Chaskel တို့မှ ကိုလံဘီယာနိုင်ငံတွင် ၂၀၀၉ ခုနှစ် အောက်တိုဘာလ မှ နိုဝင်ဘာလအတွင်း လူတွေ့မေးမြန်းခြင်းများ ဆောင်ရွက်၍ ဤစာတမ်းကို ပြုစုခဲ့ပါသည်။ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် Myanmar Multi-Donor Trust Fund မှကျခကာမြန်မာဘာသာသို့ပြန်ဆိုထားခြင်း ဖြစ်သည်။*

## နိဒါန်း

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties.
ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကိုမည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

Andes တောင်တန်းအပေါ်တွင် လွင်ပြင်အဖြစ်တည်ရှိသော Bagota မြို့သည် ပင်လယ်ရေမျက်နှာပြင် အမြင့် ၂၆၀၀ မီတာ တွင်ရှိပါသည်။ ဒေသခံများက "ကြယ်များနဲ့ ၂၆၀၀ မီတာ နီးတယ်" တင်စားကြပါသည်။ Bagoda မြို့သည် ကိုလံဘီယာနိုင်ငံတွင် အကြီးဆုံးဖြစ်ပြီး ကိုလံဘီယာနိုင်ငံသား ငါးယောက်တွင် တစ်ယောက်သည် Bagota မြို့ မြို့ပြနေရာများတွင် နေထိုင်ပါသည်။ Bagota မြို့တွင် လူဦးရေ ကိုးသန်းခန့်ရှိပါသည်။ Bagota မြို့သည် ကိုလံဘီယာ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး နှင့် စက်မှုမြို့တော် ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သော မြို့တော်ဝန်များဖြစ်သည့် Jaime Castro (၁၉၉၂ - ၁၉၉၄) နှင့် သမ္မတလည်းဖြစ်ခဲ့သူ Antanas Mockus (၁၉၉၅-၁၉၉၇ မှ ၂၀၀၁-၂၀၀၃) တို့သည် ပြည်သူလူထုအကြားတွင် ထင်ရှားကျော်ကြားသူများ ဖြစ်ကြပါသည်။

Castro နှင့် Mockus တို့မှာ သမိုင်း၏ အမွေဆိုးများကို ဆက်ခံကြ ရသူများ ဖြစ်ကြပါသည်။ ၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များတွင် မြို့တော်၌ အရင်းအမြစ်များ နည်းပါးလာခြင်း၊ လူဦးရေ တိုးတက်ခြင်း၊ မှုခင်းများ များပြားလာခြင်း နှင့် ကြုံတွေ့လာ ရပါသည်။ ကိုလံဘီယာ မြို့တော်မှ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အထိကရုဏ်းဖြစ်မှုနှင့် ကြုံတွေ့နေရစဉ် Medellin နှင့် Cali မြို့ကဲ့သို့ အခြားမြို့များတွင် အဂတိ လိုက်စားသော အစိုးရများနှင့် ကြုံတွေ့ရပါသည်။ "၁၉၉၂ ခုနှစ် ဇွန်လမှာ မြို့တော်ခန်းမမှာ စတင်တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မြို့တော်က အစိုးရဌာနတွေ ပြိုလဲနေခဲ့ပြီ။ အနာဂတ်က ဘယ်မှာမှန်းမသိတော့တဲ့ အခြေအနေ။ အုပ်ချုပ်ဖို့ကော စီမံခန့်ခွဲဖို့ကော မဖြစ်နိုင်တဲ့ အခြေအနေပါ" ဟု Castro မှ ပြောကြားပါသည်။

ကိုလံဘီယာနိုင်ငံ၌ ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်ကို ရေးဆွဲခဲ့ပါသည်။ Castro သည် နိုင်ငံ၏ အဓိက နိုင်ငံရေးပါတီ နှစ်ခုအနက် တစ်ခုမှ နိုင်ငံရေး ဩဇာအာဏာကြီးသူတစ်ယောက် ဖြစ်ပါသည်။ လွှတ်တော်နှင့် အစိုးရ အုပ်ချုပ်ရေးပိုင်းတွင် ဆယ်စု နှစ်များစွာ အတွေ့အကြုံရှိသော အသက် ၅၃ နှစ်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရှေ့နေတစ်ယောက်ဖြစ်သော Castro သည် မြို့တော်၌ အစိုးရ၏ လုပ်ဆောင်မှု အမှားများကို သေချာ နားလည်၍ Bagota မြို့ကို ပြန်လည်ထူထောင်သော ချန်ပီယံ ဖြစ်လာခဲ့ သည်။

Castro အောင်မြင်ရခြင်း အကြောင်း အရင်းများထဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ Bagoda မြို့တော်ဝန်သည် မြို့တော် စီမံအုပ်ချုပ်ရေးအတွက် "organic law" ရေးဆွဲ ရမည်ဆိုသော အချက် ဖြစ်ပါသည်။ Organic Law ဖြစ်သောကြောင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာပိုင်များက ဥပဒေကို ရေးဆွဲ၍ နိုင်ငံတော်သမ္မတမှ အတည်ပြု ပေးရသည်။ ထို့ကြောင့် မြို့တော်ဝန်က ဥပဒေတွင် ထည့်သွင်းရန် ရွေးချယ်သော မည်သည့် ပြုပြင် ပြောင်းလဲမှုအတွက်မဆို မြို့တော်ကောင်စီ၏ အတည်ပြုချက် မလိုအပ်ပါ။ Castro အတွက် ၎င်းအချက်သည်

မြို့တော်၏ အုပ်ချုပ်ရေးကို ပြန်လည် ကောင်းမွန်စေရန် ပြုပြင်နိုင်သည့် အခွင့်အရေး ဖြစ်ပါသည်။

Castro က ၎င်းသည် ဥပဒေနှင့် ပြုပြင် ပြောင်းလဲမှု များကို ရေးဆွဲရန် အကောင်းဆုံး သူဖြစ်သည်ဟု ယုံကြည်သည်။ Castro မှ Bagota မြို့၏ မြို့တော်ဝန်အဖြစ် ရွေးကောက်ပွဲ ဝင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး အဖွဲ့တွင် ပါဝင်မှုကို မဆွယ် စည်းရုံးရာတွင် အဓိက ပြောကြား မဆွယ်ခဲ့ပါသည်။ မြို့တော်ဝန်အဖြစ် ၁၉၉၂ ခုနှစ် တွင် စတင်တာဝန်ယူသည့်အချိန်တွင် မြို့တော်၏ ဘဏ္ဍာရေးနှင့် မြို့တော် အုပ်ချုပ်ရေးကို ဆန့်ကျင် သူများအား ထိပ်တိုက် ဖြေရှင်းနိုင်သည့် အာဏာကို ဥပဒေမူကြမ်းတွင် ထည့်သွင်း ရေးဆွဲခဲ့ပါသည်။

ယင်းအမွေအနှစ်ကို Mockus မှ ဆက်ခံပြီး အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ကိုလံဘီယာ အမျိုးသားတက္ကသိုလ်၏ ပါမောက္ခ ဟောင်းဖြစ်သူ Mockus တွင် နိုင်ငံရေး အတွေ့အကြုံ မရှိပါ။ ၁၉၉၀ ပြည့်နှစ်များ အလယ်ပိုင်းတွင် Mockus သည် အစဉ်အလာ အတိုင်း မဟုတ်သော နိုင်ငံရေးသမား တစ်ယောက် အဖြစ် အထင်ရှားဆုံး ပုဂ္ဂိုလ် တစ်ယောက် ဖြစ်လာခဲ့ပါသည်။ လွှတ်တော်တွင်း မဝင်ရောက်မီ တက္ကသိုလ် ဆရာ တစ်ယောက်ဖြစ်သော Mockus သည် တက္ကသိုလ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပတ်သက်၍ ခန်းမထဲတွင် ကျောင်းသား များထံမှ အာရုံဖမ်းစားရန် ဘောင်းဘီချွတ်ကာ အရုပ်ဓါးကို ဖော့ရမ်း ပြသခဲ့ဖူးပါသည်။

တမူထူးခြားသော Mockus သည် ၎င်း၏ အုပ်ချုပ်ရေး ပထမကာလတွင် မြို့တော် ကောင်စီ၏ ခြယ်လှယ်မှုများကို ဆန့်ကျင်ကာ မြို့တော်ဝန်ရုံး၏ အာဏာကို စုစည်းခဲ့ပါသည်။ ကိုလံဘီယာနိုင်ငံ ဥပဒေတွင် မြို့တော်ဝန် အနေနှင့် ကာလနှစ်ခုတွင် ဆက်တိုက် တာဝန်ထမ်းဆောင် ရန် ထပ်မံရွေးကောက်ပွဲဝင်ခွင့် မရှိဟု ဆိုထား သောကြောင့် Mockus သည် ဒုတိယအကြိမ် ရွေးကောက်ပွဲ မဝင်ခဲ့ပါ။ ၁၉၉၈ ခုနှစ် မှ ၂၀၀၀ ခုနှစ်တွင် မြို့တော်၏ လမ်းပန်း ဆက်သွယ်ရေးကို အရည်အသွေး မြှင့်တင်ခဲ့သော Enrique Penalosa က ၎င်း၏နေရာ ဆက်ခံခဲ့ပါသည်။ Mockus သည် ၂၀၀၁ ခုနှစ်တွင် မြို့တော်ဝန်အဖြစ် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်ရန် ရွေးကောက်ပွဲဝင်ရာ၌ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်ဟု ပြောကြားခဲ့ပါသည်။

## အခက်အခဲများ

Bogota ၏ မြို့တော်ဝန်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သူများသည် အဓိက အခက်အခဲ သုံးချက်နှင့် ရင်ဆိုင်ခဲ့ရပါသည်။ ပထမအချက်မှာ မြို့တော်သည် ဘဏ္ဍာရေး အကျပ်အတည်းနှင့် ကြုံတွေ့ခြင်း ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်တွင် Bagota မြို့၏ ကြွေးမြီသည် အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယံ အထိ မြင့်တက်ခဲ့၍ နိုင်ငံတော် အစိုးရမှ ချေးငွေထပ်မံ မချေးပေးတော့ပါ။ မြို့တော်တွင် အခွန်ဘဏ္ဍာဝင်ငွေ မြှင့်တင်ရန် စွမ်းဆောင်နိုင်ခြင်း မရှိပါ။ Bogota ပြည်သူများ သည် ၁၉၆၀ ပြည့်နှစ်များတွင် ပေးခဲ့သည့် အခွန်ငွေ

ကဲ့သို့ ၁၉၉၄ ခုနှစ်တွင် ပေးဆောင် ခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း နိုင်ငံရေး သမားများသည် အခွန်ဘဏ္ဍာငွေကို မြှင့်တင်ရန် ပြည်သူလူထုထံမှ အခွန် ကောက်ခံမည့်အကြောင်းကို ပြောဆိုခြင်း မရှိပါ။

ပြုပြင်ပြောင်းလဲမှုဆောင်ရွက်သော မြို့တော်ဝန တိုင်းကြုံတွေ့ရသည့် ဒုတိယအချက်မှာ မြို့တော် ကောင်စီ ဖြစ်ပါသည်။ Bogota မြို့ ကောင်စီ အဖွဲ့ဝင် များသည် ၎င်းတို့ အာဏာ တည်မြဲရေး အတွက် ပံ့ပိုးပေးမည့်သူများအပေါ် အမှီပြု၍ ပံ့ပိုး ပေးသူများသည် ရင်းနှီး မြှုပ်နှံမှုတို့တွင် ကောင်စီ ဝင် များအပေါ် ကျေးဇူးပြု လာစေရန်၊ အခွင့်ထူး ရရန် မျှော်လင့်၍ လုပ်ငန်းများ အပ်နှံရန် ချည်းကပ်အောင် လက်သင့်ရာ မျက်နှာသာပေး၍ လုပ်ဆောင်ခဲ့ပါသည်။

ဥပဒေအရ မြို့တော် ကောင်စီသည် မြို့တော်ဝန်နှင့်အတူ အုပ်ချုပ်ရေးကို ပူးတွဲ တာဝန် ယူရသောကြောင့် ထိုကဲ့သို့ တရားမဝင် လုပ်ရပ်များကို လွယ်ကူစွာ လုပ်ကိုင်နိုင်ကြခြင်း ဖြစ်ပါသည်။ မြို့တော်ကောင်စီမှ လူ့စွမ်းအား အရင်းအမြစ်နှင့် စပ်လျဉ်းသည့်စနစ်များ၊ စာချုပ်ချုပ် ဆိုရသည့် လုပ်ငန်းစဉ်များကို တိုက်ရိုက် ထိန်းချုပ်နိုင်ပါသည်။ ကောင်စီဝင် များက ၎င်းတို့ကို ထောက်ခံသူ များအား အလုပ်ခန့်အပ်ပေးရန် မြို့တော်ဌာနများကို ဖိအား ပေးစရာမလိုဘဲ တိုက်ရိုက် ခိုင်းစေနိုင်ပါသည်။ ကောင်စီဝင်များသည် ပြည်သူပိုင် ကုမ္ပဏီများ၏ ဘုတ်အဖွဲ့ဝင် ပါဝင်သောကြောင့် ယင်းတို့ကို ပံ့ပိုးပေးသူများကို ကန်ထရိုက်အပ်ရန် အလွယ်တကူ ပြုလုပ်နိုင်ကြပါသည်။

ထိုသို့ရှုပ်ထွေးနေသည့် အခြေအနေကြောင့် Bagota မြို့တော်ကောင်စီသည် သိသာ ထင်ရှားသော နေရာတစ်ခု ဖြစ်ခဲ့ပါသည်။ ယခင် သမ္မတများသည် ၎င်းတို့၏ နိုင်ငံရေး အလုပ်များကို ကောင်စီခန်းမတွင် လုပ်လေ့ရှိပါသည်။ ရည်မှန်းချက်ကြီးသော ကောင်စီဝင် များသည် ၎င်းတို့အကြောင်းကို တတ်နိုင်သမျှ မီဒီယာမှတဆင့် ထင်ရှား ကျော်ကြားအောင် ပြုလုပ်ကြပါသည်။ မီဒီယာကို အာရုံဖမ်းစား နိုင်ရန်အတွက် ဆောင်ရွက်ချက် များအားလုံးကို ရှုပ်ထွေးအောင် ပြုလုပ်ပြီး တတ်နိုင်သမျှ အပြောကျယ်ပါသည်။

တတိယအချက်မှာ Bagota အစိုးရအား စစ်ဆေးခြင်းကို ကန့်ကွက်နိုင်ခြင်း ဖြစ်ပါသည်။ ထိုသို့ အာဏာရှင် မွေးသည့်စနစ်သည် အစိုးရ ကဏ္ဍ၌ လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်ခြင်း မရှိသော အရည်အချင်း ပြည့်မှီမှုမရှိသည့် ဝန်ထမ်းများကို လစာ ပေးထားရပါသည်။ Bagota မြို့ရှိ နိုင်ငံရေးသမား အနည်းငယ်ကသာ ဌာနအဖွဲ့အစည်းများ၏ စွမ်းဆောင်မှုနှင့် ပတ်သက်၍ ထောက်ပြပြောဆို ကြပါသည်။ အဂတိ လိုက်စားခြင်း အခြေအနေ၏ အကျိုးဆက်မှာ အုပ်ချုပ်မှုမှာ ပို၍ ရှုပ်ထွေး လာခဲ့ပါသည်။ Bagota မြို့၏ အဓိက စီမံခန့်ခွဲရေး အဆောက်အဦ ဖြစ်သော ခရိုင် အုပ်ချုပ်ရေး ရုံးရှိ ရုံးခန်းများသည် လာဘ်ပေး လာဘ်ယူ ပြုလုပ်သော နေရာ ဖြစ်လာခဲ့ပါသည်။ Bagota မြို့သူမြို့သားများက ယင်းအဆောက်အဦကို "သိက္ခာကျ အောင်လုပ်တဲ့နေရာ" ဟု တင်စား ခေါ်ဆိုကြပါသည်။

## တုံ့ပြန်မှု

၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစည်းအဝေး အောင်မြင်စွာ ကျင်းပြ ပြီးသည့်နောက် Castro သည် Bagota မြို့တော်ဝန် ရွေးကောက်ပွဲတွင် မြို့တော်ဝန် လောင်းအဖြစ် ပထမနေရာသို့ လျင်မြန်စွာ ရောက်ရှိလာခဲ့ပါသည်။ "နောက်ဆုံးတော့ Bagota ကို စိတ်ပူမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲတဲ့ အဖွဲ့ဝင် Castro ပေါ်လာပြီ လို့ လူတွေကပြောကြတယ်… အဲဒါနဲ့ ကျွန်တော့်အတွက် တံခါးပွင့်သွားခဲ့တာပါ" ဟု Castro က ပြောကြားပါသည်။ ၁၉၉၂ ခုနှစ်တွင် ရွေးကောက်ပွဲအနိုင်ရ၍ မြို့တော်ဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြို့တော်ဝန်အဖြစ် ကာလနှစ်ခု ဆက်တိုက် တာဝန်ထမ်းဆောင်ခွင့် မရှိသောကြောင့် သုံးနှစ်အတွင်းသာ မြို့တော်ကို ပြုပြင်ပြောင်းလဲနိုင်မည်ဟု Castro က သိမြင်ခဲ့ပါသည်။

Castro သည် ပထမဦးဆုံးအနေနှင့် ၎င်း၏ စီမံအုပ်ချုပ်ရေးအတွက် ပန်းတိုင် နှစ်ရပ် ချမှတ်ခဲ့ပါသည်။ မြို့တော် ကောင်စီ၏ လွှမ်းမိုးခြယ်လှယ်မှုကို ဟန့်တားရန် နှင့် Bagota မြို့၏ ဘဏ္ဍာရေး အခြေအနေကို ပြန်လည် ကောင်းမွန်လာရန် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ Castro သည် အခြေမကောင်းလျှင် မည်သည့်တိုးတက်မှုမဆို အပေါ်ယံ မျှသာ ဖြစ်သည်ဟု ယုံကြည်သူ ဖြစ်ပါသည်။ "မြို့တော်အုပ်ချုပ်ရေး နှင့် ခရိုင်မှာ ဒေဝါလီ ခံတဲ့ကိစ္စကို ဦးစားပေးမယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်ထားရမယ်" ဟု ပြောကြားခဲ့ပါသည်။ Castro ၏ အုပ်ချုပ်ရေးသည် အနာဂတ်နိုင်ငံရေး ရပ်တည်မှု အပါအဝင် ပန်းတိုင်၏ အကန့်အသတ် များကို သေချာစွာ ရွေးချယ်ထားသော အုပ်ချုပ်ရေးဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ ပါဝင်၍ ရေးဆွဲခဲ့သော Organic Law သည် Castor အား အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုအတွက် အဓိကသော့ချက်ဖြစ်ပါသည်။ Castro သည် ဥပဒေရေးဆွဲစဉ်က မြို့တော်ကောင်စီ၏ အာဏာကို သိသာစွာ လျှော့ချသော အချက်များ ထည့်သွင်းနိုင်ခဲ့ပါသည်။ ဥပဒေစာသားများ ရေးဆွဲခဲ့ပုံသည် Castro ၏ စရိုက်လက္ခဏာနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်များ အကြောင်း ပြသနေပါသည်။

Castro သည် အပြာရောင် ဖဲကြိုးကော်မရှင်တွင် ပါဝင်ခြင်းမရှိပါ။ ကျွမ်းကျင် အကြံပေးပုဂ္ဂိုလ်များကိုလည်း ငှားရမ်းမှု မရှိပါ။ "မြို့တော်ခန်းမထဲကို ပထမဆုံး လျှောက်လှမ်း လိုက်တဲ့အချိန်မှာ ဥပဒေ တွေက ဘာတွေဖြစ်တယ်ဆိုတာ ကဒ်ပြား အသေးလေးတွေပေါ်မှာ မှတ်စုရေးခဲ့တယ်။ ဆက်သွားရင်း အခက်အခဲတွေကို လေ့လာကြည့်မိတယ်။ ဒါကြောင့် ဥပဒေက ကျွန်တော့်ရဲ့ အသိပညာရယ် အတွေ့အကြုံရယ် ပေါင်းစပ်ပြီး ရေးဆွဲခဲ့တဲ့ ရလဒ်တစ်ခုဖြစ်တယ်။" ဟု Castro က ဆိုပါသည်။ နှစ်ကုန်ပိုင်းတွင် Castro သည် ၁၉၉၃ ခုနှစ် နိုင်ငံတော်သမ္မတ ထုတ်ပြန်သော ဥပဒေ ဖြစ်လာမည့် အချက်အလက်များ ကို ရေးသားခဲ့ပါသည်။

Castro ရေးဆွဲခဲ့သော ဥပဒေသည် Bagota အစိုးရအား ကောင်းမွန်စွာ လုပ်ဆောင် စေပါသည်။ ပထမဦးဆုံး အရေးကြီးသည့် အချက်မှာ မြို့တော်ဝန်နှင့် မြို့တော်ကောင်စီတို့ ပူးတွဲအုပ်ချုပ်သည့် စနစ်ပြီးဆုံးခဲ့ပါသည်။ မြို့တော်ဝန်

တွင်သာ အုပ်ချုပ်ရေး အာဏာပိုင်အဖြစ် သတ်မှတ်ပြီး မြို့တော် ကောင်စီ၏ အခန်းကဏ္ဍကို ကန့်သတ်ခဲ့ပါသည်။ မြို့တော်ကောင်စီဝင်များ မြို့တော်အတွက် စာချုပ်ချုပ်ဆိုမှုများတွင် ပါဝင်ပတ်သက်ခြင်း ကို ပယ်ဖျက်ခဲ့သည်။ ဥပဒေအရ မြို့တော် ကောင်စီဝင်များ ပြည်သူပိုင် ကုမ္ပဏီများ၌ ဘုတ်အဖွဲ့ဝင်များ အဖြစ်ကို ရာထူးမှ ပယ်ချခဲ့ပြီး မြို့တော် အတွက် စာချုပ်ချုပ်သည့် လုပ်ငန်းစဉ်များမှ ဖယ်ရှားခဲ့ပါသည်။

ထိုအချိန် မှစ၍ မြို့တော်ဝန်သည် အုပ်ချုပ်ရေးတွင် အာဏာအရှိဆုံး ဖြစ်လာပြီး ဥပဒေပြုရေးတွင် ကောင်စီဝင်များ၏ ကဏ္ဍကို ကန့်သတ်ခဲ့ပါသည်။

Organic Law တွင်လည်း Bogota ၏ ဒေသန္တရနေရာ ၂၀ တွင် ဗဟို ချုပ်ကိုင်သည့် စနစ်ကို လျှော့ချခဲ့ပြီး ကောင်စီ၏ကဏ္ဍကို ထပ်မံမေးမှိန်စေခဲ့ပါသည်။ နေရာတစ်နေရာစီတွင် ဒေသန္တရ စီမံခန့်ခွဲရေး ကောင်စီကို ရွေးကောက်တင်မြှောက်သည့် စနစ်ဖြင့် Castro မှ "ဒေသန္တရ မြို့တော်ဝန်" များအဖြစ် ခန့်အပ်ခဲ့ပါသည်။ ဗဟို စီမံခန့်ခွဲရေးမှ မြို့တော်အရအသုံးခန့်မှန်းခြေငွေစာရင်း၏ ၁၀% နှင့် ၂၀% ကို ဒေသန္တရ အစိုးရများသို့ ခွဲဝေပေးခဲ့ပါသည်။ ထိုသို့ ခွဲဝေပေးမှုကြောင့် ဒေသန္တရ အုပ်ချုပ်သူများက အသေးစား ပြည်သူ့ဆောက်လုပ်ရေး စီမံချက်များ၊ စီးပွားရေးနှင့်လူမှုရေး အစီအစဉ်များ နှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ယူရပါသည်။ Castro သည် ကောင်စီကို မြို့တော်ခန်းမဘေးအပြင်ဘက်တွင် ထားရှိကာ အောက်ခြေ၏ အသုံးစရိတ်များတွင် လွှမ်းမိုးလာခဲ့ပါသည်။

ဥပဒေသည် Bagota မြို့တော်၏ အခွန်ဆိုင်ရာ စည်းမျဉ်းများကိုလည်း ပြောင်းလဲခဲ့ပါသည်။ ခရိုင်၏ အခွန်ဘဏ္ဍာငွေ ဆုံးရှုံးသည့် ယိုပေါက် ကိုလည်း ပိတ်ခဲ့ပါသည်။ ဥပမာ - Castro မှ မြို့တော်တွင် ထုတ်လုပ်သော ကုန်ပစ္စည်းများကို ၎င်းတို့အား ရောင်းချသည့်နေရာကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ ပထမဆုံးအကြိမ်တွင် Bagota မြို့အခွန်အဖြစ် သတ်မှတ်ပါသည်။ အခြား စည်ပင်သာယာနေရာများတွင် အခွန်ရရှိခြင်း ရှိ၊မရှိ မသေချာသော်လည်း၊ Castro သည် ၎င်း၏ မြို့တော်အတွင်း စီးပွားရေးလုပ်ငန်းအားလုံး၏ လုပ်ဆောင်ချက်များကို အခွန်ကောက်ခံနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

မြေခွန်ကောက်ခံရာတွင် Castro သည် လက်ရှိနှုန်းထား၊ နယ်ပယ် နှင့် စပ်လျဉ်းသည့် စည်းမျဉ်းများကို ပြင်ဆင်ခဲ့ပါသည်။ Bagota မြို့တွင် မြေဈေးနှုန်းတက်ခြင်းနှင့် မြို့နယ်နမိတ်ချဲ့ထွင်လာသောကြောင့် မြေခွန်ကောက်ရန် ခက်ခဲပါသည်။ Castro ၏ ဥပဒေအသစ်တွင် မြေခွန်မပေးဆောင်ပါက ဒဏ်ငွေကို သိသာစွာ ချမှတ်ခဲ့၍ မြေဈေးနှုန်းကို တန်ဖိုးလျှော့ပြပါက မြေဈေး၏ တစ်ဝက်ကို ပေးဆောင်ရပါသည်။ အခွန်စနစ်အ ၂သစ်၊ ကောင်စီဝင်များ ဥပဒေပြုရေးတွင် ပါဝင်ပတ်သက်မှု၊ ၎င်းတို့၏ တားဆီးပိတ်ပင်ခွင့် အာဏာနှင့် ပတ်သက်သည့် ကိစ္စရပ်များသည် ယင်းလုပ်ဆောင်ချက်များ၌ တစ်ခုမျှ မပါဝင်ပါသည်။

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties.
ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကို မည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

နိုင်ငံရေးကိစ္စရပ်များအပေါ်တွင် ပြည်သူလူထုမှ တုံ့ပြန်ခဲ့ကြပါသည်။ ၁၉၉၁ ခုနစ်တွင် ကောင်စီဝင်များနှင့် ၎င်းတို့၏မိတ်ဘက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပေါ် ပညာပြသွားကြသည်။ ၎င်းတို့သည် အခွန်ဆိုသည်မှာ ဝင်ငွေ ထိခိုက်ခြင်း ဟု နားလည်ကြသည်။ ကောင်စီဝင်များက Castro အား မှုခင်းများလျော့သွားခြင်း မရှိသည့် အခြေအနေတွင် တိုက်ခိုက်လာကြသည်။ ကောင်စီဝင်များက Castro သည် မာနကြီး၍ စာရွက်ပေါ်တွင်သာ မှတ်စုရေးပြီး အလုပ်မလုပ်သူဟု လှောင်ပြောင် ပြောဆိုကြသည်။ Castro ၏ ပထမဆုံး လုပ်ရပ်သည် အခွန်ကောက်ခံမှု ဖြစ်သောကြောင့် ပြည်သူ လူထုအား ထင်သာ မြင်သာရှိသော အကျိုးရလဒ်များ ပြသနိုင်ခြင်း မရှိပါ။

Castro ၏ ဘဏ္ဍာရေးအတွင်းရေးမှူးမှ အုပ်ချုပ်ရေးပိုင်းတွင် အခွန်စနစ် ပြုပြင်ပြောင်းလဲခြင်းကို သဘောတူသော်လည်း ၎င်းသည် Castro မှ သတင်းစာရှင်းလင်းပွဲ နှင့် လူထု တွေ့ဆုံပွဲတွင် အခွန်ပြုပြင် ပြောင်းလဲခြင်းသည် မြို့တော်ဝန် တစ်ဦးတည်း၏ အကြံဉာဏ်သာ ဖြစ်သည်ဟု ထုတ်ဖော် ပြောကြားမှ လိုက်နာမည်ဟု ပြောကြားခဲ့ပါသည်။ Castro သည် ၎င်း၏ ရုံးခန်း ပြတင်းပေါက်မှ Bogota မြို့လယ်ရှိ Plaza Bolivar ကို ကြည့်လျှက် ၎င်းအား ရာထူးမှ နှုတ်ထွက်ရန် ဆန္ဒပြနေကြသော ထောင်ပေါင်းများစွာ ပြည်သူများကို တွေ့ခဲ့ပါသည်။ ၎င်း၏ ပြုပြင်ပြောင်းလဲမှုများကို မီဒီယာတွင် ရှင်းလင်းပြောကြားရန် အသုံးစရိတ်မရှိခဲ့သောကြောင့် Castro က ၎င်း၏အတိုက်အခံများကို လျစ်လျူရှုခဲ့သည်။ "နိုင်ငံရေး capital ဆိုတာ အသုံးပြုဖို့ဖြစ်တယ်" "ရွေးကောက်ခံရသူဖြစ်တဲ့အတွက် သုံးနိုင်တယ်၊ ဒါမှမဟုတ် မသုံးရင် အဲဒါတွေကို တည်ဆောက်နိုင်တယ်" ဟု Castro မှ အတိတ်၂အကြောင်း ပြောကြားခဲ့ပါသည်။

၁၉၉၄ ခုနစ်တွင် Castro အနားယူခဲ့သည့် အချိန်၌ ၎င်း၏ ပြုပြင်ပြောင်းလဲမှု၏ ကောင်းကျိုးများ စတင်ပေါ်ထွန်းလာခဲ့ပါသည်။ Bagota မြို့၏ ဝင်ငွေသည် ၁၉၉၃ ခုနစ် မှ ၁၉၉၄ ခုနစ်အတွင်း ၇၇% မြင့်တက်လာခဲ့ပါသည်။ ၁၉၉၆ ခုနစ် အောက်တိုဘာလ တွင် နိုင်ငံတကာ ချေးငွေဆိုင်ရာ အဆင့်သတ်မှတ်သည့် ကုမ္ပဏီ မှ Bagota မြို့အား BBB အဆင့် သတ်မှတ်၍ အကြွေးပေးရန် ယုံကြည်မှု အလယ်အလတ်အဆင့် သတ်မှတ်ခဲ့ပါသည်။

Bagota မြို့သည် Castro တာဝန်ယူခဲ့စဉ်က အတိုင်းပင် ရှိနေပါသေးသည်။ ထင်ရှားကျော်ကြားမှု မရှိသော မြို့တော်ဝန်သည် အခွန်ဘဏ္ဍာဝင်ငွေများကို လမ်းပန်းဆက်သွယ်ရေးကို တိုးတက်ကောင်းမွန်အောင် အသုံးပြုမည့်အစား အကြွေးရန် အသုံးပြုခဲ့ပါသည်။ မြို့တော်ဝန်နှင့် ကောင်စီအကြား အာဏာကို ပြန်လည် သတ်မှတ်ခဲ့ပါသည်။ သို့သော် မြို့တော်တွင် အခြေချနေထိုင်သူများ၏ အခွန်အပေါ် ဝန်ပိမှုကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။

မာနကြီးသော အာဏာရှင် Castro က မိမိသည် ပြုပြင်ပြောင်းလဲမှု ကောင်းကျိုး ဆောင်ရွက်သူ

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties.
ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကိုမည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

အဖြစ် မြင်ပါသည်။ Castro ၏ကိုယ်တွေ့မှတ်တမ်း "အထီးကျန်ဆန်သည် သုံးနှစ်ကာလ" ၏ မျက်နှာဖုံးတွင် ၎င်း၏ ရုံးခန်းပြတင်းပေါက်မှ အပြင်သို့ကြည့်နေသည့်ပုံကို ဖော်ပြခဲ့ပါသည်။ ၁၅ နှစ်နီးပါးကြာသော် ၎င်း၏ မဟာဗျူဟာအပေါ် ခုခံပြောကြားခဲ့ပါသည်။ "မြို့တော်ဝန်တစ်ယောက်အနေနဲ့ ကျွန်တော်က နောက်တက်လာမည့် မြို့တော်ဝန်တွေအတွက် အလုပ်လုပ်ပေးခဲ့တာ" ဟု ပြောကြားပါသည်။ "ကျွန်တော့် တာဝန်ဆိုတာ သိပါတယ်။ ကျွန်တော် မလုပ်ဘူးဆိုရင် မြို့တော်က ရေတိမ်နစ်တော့မယ်။ ကျွန်တော့် လက်ထဲမှာတော့ မြို့တော်ကို အစိတ်စိတ်အမွှာမွှာ ဖြစ်သွားတာမျိုး အဖြစ်မခံနိုင်ဘူး" ဟု ပြောကြားပါသည်။

## စတင်အကောင်ထည်ဖော်ဆောင်ရွက်ခြင်း

Bagota မြို့ကို တိုးတက်ကောင်းမွန်အောင် ပြောင်းလဲရန် အရေးပါခဲ့သော နိုင်ငံရေးနှင့် ဘဏ္ဍာရေး မူဘောင်အတွက် ပုံဖော်သူမှာ Jamie Castro ဖြစ်လျှင် ၎င်း၏ အရိုက်အရာဆက်ခံသူ Antanas Mockus သည် အခြေခံအုတ်မြစ်အပေါ်တွင် တည်ဆောက်သူဖြစ်ပါသည်။

Mockus သည် ၁၉၉၄ ခုနှစ်တွင် မြို့တော်ဝန်ရာထူးအတွက် ရွေးကောက်ပွဲ ကို မဲအရေအတွက် ၆၂.၅% နှင့် အနိုင်ရရှိကာ Bagota မြို့၏ ပထမဆုံး တစ်သီးပုဂ္ဂလရွေးကောက်ခံမြို့တော်ဝန် ဖြစ်လာခဲ့ပါသည်။ ယင်း၏ ပြိုင်ဘက်ပါတီ အပေါ် မဲအရေအတွက်ပေါင်း နှစ်ဆကျော်ဖြင့် အနိုင်ရရှိခဲ့ပါသည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် မြို့တော်ဝန်အသစ်မှ စတင်တာဝန်ထမ်းဆောင်ချိန်၌ ၎င်း၏ ရှေ့တွင် မြို့တော်ဝန်အဖြစ်တာဝန်ထမ်းဆောင်သွားသောသူ ဆောင်ရွက်ခဲ့သည်များအပေါ်တွင် အကျိုးဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်ခြင်းရှိမရှိ နှင့် အစိုးရအပေါ် ယုံကြည်မှုကင်းမဲ့နေသော လူထုအား ထင်သာ မြင်သာရှိသော တိုးတက်မှုများကို ပြသနိုင်ခြင်း ရှိမရှိ မသေချာခဲ့ပါ။ Castro တာဝန်ထမ်းဆောင်ခဲ့စဉ်က အာဏာလျော့နည်းခဲ့သော မြို့တော်ကောင်စီသည် အာဏာပြန်လည်ရရှိရေးအတွက် ကြိုးပမ်းမှုအပေါ်တွင် သမာရိုးကျမဟုတ်သော ပညာရှင်တစ်ယောက်က မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို စောင့်ကြည့်ဆဲ ဖြစ်သည်။

မြို့တော်ကောင်စီအား Mockus သည် မြို့တော်ကောင်စီဝင်များကို ခြောက်လှန့်ခြင်းမရှိပါ။ သူသည် နိုင်ငံရေးလောကတွင် ပုံမှန်မဟုတ်သော အားနည်းချက်များနှင့် အစပြုသူဖြစ်သည်။

ကောင်စီဝင်များက ၎င်းတို့အား ထောက်ခံသူတို့အတွက် အလုပ်အကိုင်အပ်ခြင်း နှင့် အလုပ်ခန့်အပ်ခြင်းတို့ အတွက် သိရှိလိုကြသည်။ မြို့တော်ဝန်က လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးပညာရှင် Douglass North နှင့် အတွေးအခေါ် ပညာရှင် Jurgen Habermas တို့၏ ယူဆချက်များကို မည်သို့ ယုံကြည်သည်ကို စိတ်ဝင်စားခြင်း မရှိပေ။

Mockus က မြို့တော်ကောင်စီနှင့် ရှေ့နှစ်များတွင် မည်သို့ ဆက်ဆံရေး ထားရှိမည်ကို တာဝန်ယူစဉ် ပထမဆုံးလများ၌ ဆုံးဖြတ်ခဲ့ပါသည်။

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties.
ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကိုမည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

အစပိုင်းတွင် သူသည် တင်းမာခက်ထန်စွာဖြင့် ကောင်စီဝင်များကို ၎င်းတို့၏ အရည်အသွေးနှင့် သက်ဆိုင်သည့်အကြောင်းအရာများကိုသာ ဆွေးနွေးမည်ဖြစ်ပြီး၊ အလုပ်အပ်မည့်အကြောင်း ပြောပါက စကားပြောဆိုခြင်း ရပ်ဆိုင်းမည်ဟု အသိပေးခဲ့ပါသည်။ ကောင်စီဝင်များက ၎င်းတို့အား ထောက်ခံသောသူများကို အလုပ်ခန့်အပ်ရန် ဆောင်းဆိုပါက Mockus သည် စကားတစ်လုံး တပါဒမျှ မပြောဘဲ ကိုယ်အမူအရာဖြင့်သာ ပြသခဲ့ပါသည်။ "အကယ်၍အန်တယ်ဆိုပါတော့ … ကျွန်တော်က ကိုယ်အမူအယာနဲ့ပဲ လုပ်ပြလိုက်တယ်။ ကျွန်တော်ဆိုလိုတာ ကော်ဖောပေါ် ကျပြီးသား အန်ဖတ်တွေကို ဘယ်လိုပြန်လုပ်နိုင်မှာလဲ … အဲဒီလို ကိုယ်အမူအယာနဲ့ပြလိုက်တာက အလုပ်ဖြစ်ပါတယ်" ဟု Mockus မှ ပြောကြားပါသည်။

ကောင်စီဝင်များသည် Mockus နှင့် တွေ့ဆုံလိုပါက အခွင့်တောင်းခံသည့်ကတ်ပြားတွင် အစည်းအဝေး ပြုလုပ်လိုသော အကြောင်းအရာ နှင့် ဆွေးနွေးမည့်အကြောင်းအရာများကို အသေးစိတ် ဖော်ပြခြင်း မရှိပါက တွေ့ဆုံရန် ငြင်းဆိုပါသည်။ ကောင်စီဝင်မှ ဆွေးနွေးစဉ် ကတ်ပြားထဲတွင် ဖော်ပြထားသော အချက်များမဟုတ်ဘဲ အခြားအကြောင်းအရာများ ဆွေးနွေးပြောဆိုပါက Mockus သည် စကားပြောဆိုခြင်း ရပ်လိုက်ပြီး ဆွေးနွေးချက်အသစ်များအတွက် အစည်းအဝေးအသစ် ထပ်မံချိန်းဆိုရန် တင်ပြခိုင်းပါသည်။

"အစည်းအဝေးမှာ ဆွေးနွေးချက်အသစ်တွေ ပါလာခဲ့ရင် နောက်ထပ်ချိန်းဆိုပါ ကျွန်တော် ဒီညသို့မဟုတ် မနက်ဖြန် မနက်မှာ ကြည့်လိုက်ပါမယ်။ ကျွန်တော့်ရဲ့ အစည်းအဝေးတွေအတွက် ပြင်ဆင်ချင်ပါတယ် လို့ ပြောလိုက်တယ်" ဟု Mockus မှ ပြောကြားပါသည်။

ယင်းပရိယာယ်ဖြင့် Mockus အတွက် အလုပ်လုပ်ရာတွင် မဟာဗျူဟာပန်းတိုင်များကို အာရုံစိုက်နိုင်၍ အလျှော့ပေးခြင်းမှလည်း လမ်းလွှဲနိုင်ခဲ့ပါသည်။ Mockus သည် ကောင်စီဝင်များ အခွင့်ထူးရရန် ကြိုးပမ်းမှုများကို မှတ်တမ်းမထားသ၍ စာချုပ်များကို လက်ရှိအတိုင်း ထားရှိခဲ့ပါသည်။

ယင်း၏ရလဒ်အနေဖြင့် "ပြည်သူလူထုအား မေးမြန်းမည့်အရာမဟုတ်လျှင် သို့မဟုတ် ပြည်သူလူထုဆီက မျှော်လင့်မည့်အရာ မဟုတ်ရင် ပုဂ္ဂိုလ်ရေးမှာလဲ အဲဒါတွေကို လာမပြောနဲ့" ဆိုသည့်အချက်ကို ကောင်စီက နားလည်သွားသည်ဟု Mockus မှ ပြောကြားပါသည်။

Mockus ပထမဆုံး တာဝန်ယူရသည့်ကာလတွင် မြို့တော်ကောင်စီနှင့် အတိုက်အခံ ပြုလုပ်ရပါသည်။ ၎င်း၏ အစိုးရအဖွဲ့ကိုလည်း ကောင်စီက ပါဝင်ပတ်သက်ခြင်း မရှိသည့် ကိစ္စရပ်များကို အာရုံစိုက် လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့သည် အလယ်အလတ်အခြေအနေကို ရှာဖွေရန် အနည်းငယ်သာ အားစိုက်ထုတ်ကြပါသည်။

ယင်းအခြေအနေတွင် ကောင်စီဝင်များသည် ၎င်းတို့သိက္ခာကျသောကြောင့် ဒေါသထွက်ကာ Marckus ၏ ရဲဝန်ထမ်းကုတ်နံပါတ်၊ တယ်လီဖုန်းကုမ္ပဏီအတွက် အရင်းအနှီးထုတ်ပေးခြင်း

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties.
ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကိုမည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

နှင့် ပင်မ ကားလမ်းမကြီးများအား ပြန်လည် မွမ်းမံသည့် စီမံချက် စသည့် ဆောင်ရွက်မှု များအပေါ် ကဖျက်ယဖျက် လုပ်လာကြသည်။ ကောင်စီကို ခိုင်မြဲစွာ ဆန့်ကျင်ကြလျှက်နှင့် ၁၉၉၇ ခုနှစ်တွင် Mockus ၏ အဖွဲ့သည် တာဝန်ပြီးဆုံးခဲ့ပါသည်။

Mockus သည် ဥပဒေအရ မြို့တော်ဝန်အဖြစ် ကာလနှစ်ခုဆက်တိုက် ရွေးကောက်ခံခွင့် မရှိပါ။ သို့သော် Bagota မြို့ မဲပေးသူများမှ ၎င်းအား ၂၀၀၁ ခုနှစ်တွင် မြို့တော်ခန်းမသို့ ပြန်လည် ပို့ဆောင် ပေးခဲ့ကြပါသည်။ အထူးသဖြင့် ကောင်စီအပေါ်တွင် ၎င်း၏ကိုင်တွယ် ဖြေရှင်း ပုံကို အားပေးသောကြောင့် ဖြစ်ပါသည်။ Mockus မြို့တော်ဝန်အဖြစ် တာဝန်ယူစဉ် ပထမကာလ အတွေ့အကြုံများအရ ကောင်စီဝင်များနှင့် ထိပ် တိုက်ရင်ဆိုင်ခြင်းသည် အနည်းငယ်သာ အောင် မြင်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ၎င်း၏ အုပ်ချုပ်ရေးဂုဏ်သိက္ခာကို မထိခိုက်သည့် အလယ်အလတ်နည်းလမ်းကို ရှာဖွေခဲ့ပါသည်။

Mockus သည် ကောင်စီဝင်များနှင့် တွေ့ဆုံရန် ညှိနှိုင်းသဘောတူညီ ခဲ့ပါသည်။ ၎င်း၏အဖွဲ့အား "ဆက်ဆေးရေး ပြေပြစ်မှုရှိမယ်၊ clientelism အကြောင်း ဘယ်တော့မှမပြောနဲ့၊ တင်းကျပ်စွာ ကိုင်တွယ်ရမယ် ဒါပေမယ့် ညင်သာရမယ် … အထင်မသေးရဘူး" ဟု ဝန်ထမ်းများကို မှာကြားခဲ့ကြောင့် Mockus မှ ပြောကြားပါသည်။ မြို့တော်ကောင်စီနှင့် ဆက်ဆံရေး ပြန်လည် တည်ဆောက်ခြင်းမှာ ခက်ခဲပါသည်။ Mockus သည် ကောင်စီဝင်များက ၎င်း၏ အစိုးရအဖွဲ့၏ ဒုတိယနှင့် တတိယအဆင့် အုပ်ချုပ်ရေး ဝန်ထမ်း များအား လာဘ်ပေးလာဘ်ယူများ များ ပြုလုပ် ရန် ဖျားယောင်းမည့် အခြေအနေကို ကာကွယ် သောအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကောင်စီဝင် များကို ပုဂ္ဂိုလ်ရေးတွေ့ဆုံခြင်းကို တားမြစ်ခဲ့ပါ သည်။ စည်းမျဉ်းများကို ဖြည့်စွက်ပြဌာန်းရန် အခဲအခဲများနှင့် ကြုံတွေ့ရသော်လည်း ၎င်း၏ နည်းလမ်းများသည် ထိရောက်မှုကြောင်း Mockus က ပြောကြားပါသည်။

မြို့တော်ကောင်စီ၏ ခွင့်ပြုချက်လိုအပ်သော လမ်းများ၏ အခြေအနေတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ချက်များ နှင့် စပ်လျဉ်း၍ အုပ်ချုပ်ရေး ပိုင်းသည် မြို့တော်ကောင်စီနှင့် အဆင်ပြေစေ မည့် အလယ်အလတ်နည်းလမ်းကို ရှာဖွေရန် စိတ်ပါဝင်စားလာကြသည်။ Mockus သည် မြို့တော်ကောင်စီမှ ယင်းကိစ္စနှင့် ပတ်သက်၍ ပြောဆိုခြင်းများ မပြုနိုင်မီ Isabel Patino အား Bagota မြို့၏ မြို့ပြဖွံ့ဖြိုးရေးအဖွဲ့အစည်းကို ဦးဆောင်စေခဲ့ပါသည်။ Isabel Patino မှ ၎င်း၏ အတွေ့အကြုံများကို ကောင်းစွာ အမှတ်ရနေပါ သေးသည်။

"ကောင်စီရုံးကို ရောက်သွားရင် ဆပ်ကပ်ထဲ ရောက်သွားသလိုပဲ" ဟု Isabel Patino က ပြော ဆိုပါသည်။ "ကောင်စီမှာရှိတဲ့သူအားလုံးက ခန်းမထဲမှာ သူတို့လုပ်ချင်တာ လုပ်နေကြတာ။ ဆွေးနွေးတင်ပြရင်လဲ ကိုယ်ကသာ ပြောနေတာ သူတို့အားလုံးက နားမထောင်ကြဘဲ လမ်း လျှောက်သူကလျှောက်၊ နေ့ခင်းစာ စားတဲ့သူက စား၊ မိတ်ဆွေသူငယ်ချင်းနဲ့ စကားပြောတဲ့သူ

ကပြော၊ တစ်ယောက်မှ နားမထောင်ကြဘူး။ သူတို့ ဘာလုပ်နေတာလဲ နားမလည်နိုင်ဘူး" ဟု ပြောပါသည်။

Patino မှ ကောင်စီမည်သို့ လုပ်ဆောင်နေသည်ကို တွေ့ရှိခဲ့ပါသည်။ "နောက်ဆုံးမှာတော့ တစ်ယောက်က ကျွန်မပုခုံးကိုလာပုတ်ပြီး လာပါ သူငယ်ချင်း ဒီလိုလုပ်နေလို့မရဘူး။ ဒီမှာ ထိုင်နေပါ။ ကျွန်တော်တို့က ခင်ဗျားရဲ့ အဖွဲ့အစည်းမှာ ရှိတဲ့ အလုပ်အကိုင်တွေနဲ့ လဲလှယ်မှာပါ။ ခင်ဗျားမှာ ဝန်ထမ်း ၁၂၀၀ ရှိတာပဲ ... ကျွန်တော်တို့က ခင်ဗျားရဲ့ အဖွဲ့အစည်းမှာ နေရာလေးတွေ ရဖို့ လိုအပ်ပါတယ်။ ကျွန်တော့်မှာ ဂျာမနီက ပြန်ရောက်လာတဲ့ တူတစ်ယောက်ရှိပါတယ်။ သူက သိပ်တော်တဲ့ အင်ဂျင်နီယာတစ်ယောက်ပါ။ ကြီးကြပ်ရေးအလုပ်ကို လုပ်နိုင်ပါတယ် လို့ပြောတာနဲ့ကြုံခဲ့ရတယ်။" ဟု Patino က ပြောကြားခဲ့ပါသည်။

Patino သည် ထိုကဲ့သို့ အပေးအယူလုပ်ခြင်းကို ငြင်းဆိုခဲ့ပါသည်။ သူသည် ကောင်စီရုံးသို့ ငါးကြိမ်တိုင် ပြန်သွားခဲ့ပြီး အကြိမ်တိုင်းတွင် ပြောဆိုဆွေးနွေးရမည့်အချက်များကို သေချာပြင်ဆင်၍ ကမ်းလှမ်းမှုကို အမြဲ ငြင်းဆိုခဲ့ပါသည်။ ထိုကိစ္စကို Mockus နှင့် ဆွေးနွေးခဲ့ပါသည်။ အဂတိလိုက်စား၍ နာမည်အပျက်ဆုံး ကောင်စီဝင်အား ချဉ်းကပ်ခဲ့ပါသည်။ Patino မှ ယင်းကောင်စီဝင်သည် ၎င်း၏ အဖွဲ့ဝင်များအား ဆန်းစစ်ချက်များကို အထူးအလုပ်အဖွဲ့ နှင့် တစ်ဆင့်ခံ ကန်ထရိုက် မပေးဘဲ ခွင့်ပြုပေးပါက ၎င်းအား အောင်မြင်မှုအတွက် လူသိရှင်ကြား credit ပေးမည်ဟု ညှိနှိုင်းခဲ့ပါသည်။

"သိက္ခာရှိရှိ လုပ်ပါ" ဟု Patino က ကောင်စီဝင်ကို ပြောခဲ့ပါသည်။ "ရှင် သိက္ခာရှိရှိ လုပ်ရင် အခုကိစ္စမှာ ပါဝင်ဆောင်ရွက်နိုင်မယ်၊ ရှင် နှင့် ကျွန်မ အတူ သတင်းမီဒီယာတွေမှာ အတူပါဝင်မယ်၊ ရှင်အလုပ်ကို သိက္ခာရှိရှိ လုပ်ခဲ့ကြောင်း ကျွန်မကိုယ်တိုင် မိုက်ခရိုဖုန်းကနေ ပြောပေးမယ်လို့ ကတိပေးတယ်" ဟု ပြောခဲ့ပါသည်။ အဖွဲ့မှ အခွန်ကိစ္စအပေါ် မဲမပေးမီ ညတွင် Patino သည် ယင်းကောင်စီဝင်၏ ဇနီးအား မည်သည့်အတွက်ကြောင့် အခွန်ကိစ္စဆောင်ရွက်ရကြောင်း၊ မြို့တော်အတွက် အကျိုးရရှိမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယင်းကဲ့သို့ ဆွေးနွေးပြောဆိုမှုကို ၎င်း၏ အမျိုးသားအားလည်း ပြန်လည်ပြောပြရန် မှာကြားလိုက်ပါသည်။

မြို့တော်ကောင်စီမှ ယင်းကိစ္စကို သဘောတူညီလိုက်ပါသည်။ ထို့နောက် Patino နှင့် ကောင်စီဝင်တို့အတူ ရုပ်မြင်သံကြားပေါ်တွင် ကြေငြာပါသည်။ Patino ကလည်း ကောင်စီဝင်အား ချီးမွမ်းပြောဆိုပါသည်။ "ကင်မရာရှေ့မှာ ကျွန်မ သူ့ကို ကောင်းချီးပေးနေတာ အတော်ဆန်းပါတယ်။ ကျွန်မက ပွင့်လင်းမြင်သာမှု ပြယုဂ်၊ သူက လုံဝကိုပြောင်းပြန်ပါ။ 'ကျွန်မ Bagota မြို့ကို ပြောပြချင်ပါတယ်။ ဒါတွေကို ကောင်စီဝင် လုပ်ဆောင်တာပါ။ ဒီစီမံချက်ကို သူက စလုပ်တာပါ' လို့ပြောခဲ့ပါတယ်။ သူဘာကို ခွင့်ပြုပေးခဲ့တယ်ဆိုတာ သူကိုယ်တိုင် သိ၊မသိ ကျွန်မ မသိပါဘူး။ ကျွန်မ အဲဒါကို ဂရုမစိုက်ဘူး။ contract

တစ်ခုအတွက် အဲဒီလို အပေးအယူတစ်ခါ လုပ်တာမျိုးတော့ မလုပ်နိုင်ပါဘူး” ဟု ပြောကြားခဲ့ပါသည်။ Mockus နှင့် အဖွဲ့က ယင်းကဲ့သို့ အပေးအယူလုပ်ရခြင်းကို ဝမ်းမြောက်ကြပါသည်။

## အခက်အခဲများ ကျော်လွှားခြင်း

Mockus နှင့် ကောင်စီဝင်တို့ ဆက်ဆံရေး ဘာဖြစ်ဖြစ် နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲမှု မရှိသောကြောင့် လူထုမှ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ အကျိုးကျေးဇူးများကို မမြင်တွေ့ရ ပါ။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်း လဲရေးသည် Mockus ၏ ဒုတိယအကြိမ် မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ရာတွင် အဓိကပန်းတိုင်ဖြစ်ပါသည်။

“Copernican Revolution” ဟု တင်စားသော နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများ အပြန်အလှန် ဆက်သွယ်မှုရှိသော နည်းလမ်း ဖြင့် ထိရောက်စွာ ဆောင်ရွက်မည်ဟု Mockus စိတ်ကူးထားပါသည်။ ထိုကဲ့သို့ ကြိုးပမ်းမှုကို ဝန်ထမ်းများ၏ အကြီးအကဲနှင့် အလားသဏ္ဍာန်တူသော ၎င်း၏ အထွေထွေအတွင်းရေးမှူး Liliana Caballero အား ယုံကြည်စွာ ဆောင်ရွက်စေပါသည်။ Cabellero က ဗဟိုဝါဒအဖြစ် “လူထုက အခွင့်ထူးရချင်လို့၊ သူတို့ရဲ့အခွင့်အရေးတွေ တောင်းဆိုဖို့ ပြည်နယ်ကို ဝန်းရံပတ်နေတာ မဟုတ်ဘဲ၊ အုပ်ချုပ်ရေးကသာ လူထုကို ဝန်းရံရမှာဖြစ်တယ်။ လူထုက ဗဟိုက နေရမှာဖြစ်တယ်” ဟု ပြောကြားခဲ့ပါသည်။ ရှေ့နေတစ်ယောက်ဖြစ်ခဲ့ဖူးသူ Caballero သည် Mockus ၏ အထွေထွေ အတွင်းရေးမှူးအဖြစ် အမျိုးသားတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ သူသည် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲခြင်း၏ ရှုပ်ထွေးမှုများ အကြောင်းကို သိလိုစိတ်ထက်သန်၍ နိုင်ငံသားများအတွက် ဝန်ဆောင်မှု ခရိုင်အတွင်းရေးမှူးရုံးကို သူ၏ ရုံးအောက်တွင် ထားရှိ၍ ဆောင်ရွက်ခဲ့ပါသည်။

Caballero မှ စီမံခန့်ခွဲမှုရေးရာ စည်းရုံးမှုကို ပြုလုပ်ခဲ့ပါသည်။ “အဖွဲ့အစည်းနဲ့ စီမံခန့်ခွဲမှုအပေါ်မှာ လူထုက ယုံကြည်မှုပြန်ရှိလာအောင် ပြုလုပ်တယ်” ဟု ပြောကြားပါသည်။ သို့သော် ယင်းစည်းရုံးမှုသည် အစပိုင်းတွင် အသေးစိတ် စီမံရေးဆွဲထားခြင်း မရှိပါ။ Caballero သည် ၎င်း၏ ဦးတည်ပြောကြားချက်နှင့် မဟာဗျူဟာ အစီအစဉ်များ အရေးနိမ့်ကြောင်း ဝန်ခံခဲ့ပါသည်။ သူသည် မည်သည့်အရာကို စတင်ဆောင်ရွက်မည်ကို သိသော်လည်း မည်သို့ ဆောင်ရွက်ရမည်ကို မသိပါ။ အဆုံးတွင် “စမ်းသပ်တာနဲ့ အများတွေ - ဒါပေမယ့် နောက်ဆုံးပန်းတိုင်က ရှင်းတယ် - အစိုးရအုပ်ချုပ်ရေးကို ထိရောက်မှုရှိရန် နှင့် ဆန်းသစ်ရန်၊ အုပ်ချုပ်ရေးပုံစံကို ပြန်လည်တည်ဆောက်ရန်၊ ပြည်သူ့ဝန်ဆောင်မှုများကို အစဉ်တကျရှိစေရန်” ဟု ပြုပြင်ပြောင်းလဲရေး၏ တိုးတက်မှုကို ပြောကြားခဲ့ပါသည်။

## *ဌာနတွင်းသင်တန်းပို့ချခြင်း*

Caballero သည် Bagota မြို့၏ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ထိရောက်စွာနှင့် တီထွင်ဆန်းသစ်စွာ ဆောင်ရွက်ရန် ခရိုင်များတွင်

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties.
ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကို မည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

အတွင်းရေးမှူးရုံး၊ ဌာနခွဲ၊ ပြည်သူပိုင် ကုမ္ပဏီ ပေါင်း ၆၄ ခုကို သတ်မှတ်ခဲ့ပြီး ၎င်းတို့တွင် ရှိသော နိုင်ငံ့ဝန်ထမ်းများနှင့် တိုက်ရိုက်ဆက်သွယ်ခဲ့ပါသည်။ သူသည် နိုင်ငံ့ဝန်ထမ်းများနှင့် ဖွဲ့စည်းထားသော အဖွဲ့အား "ကန့်လန့်ဖြတ်အဖွဲ့များ" ဟု အမည်ပေးခဲ့ပါသည်။ မတူညီသောရုံးများ၊ မတူညီသော အလုပ်အကိုင်အမည်များရှိသော နိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းကို အတူတကွ လုပ်ဆောင်ကြပါသည်။

ယင်းအဖွဲ့များတွင် အဖွဲ့ဝင်များသည် "အကောင်းဆုံး အလေ့အထကို သတ်မှတ်ပြီး ကန့်လန့်ဖြတ်ဖြစ်ရန် ဆိုတဲ့အချက်ကို မတူညီတဲ့ ရုံးတွေမှာ ကျင့်သုံးဖို့၊ ခင်ဗျားက လူထုအတွက် မကျေနပ်ချက်တွေ ပြောဖို့၊ တူတဲ့ဘာသာစကား ပြောဖို့ နေရာပေးထားတာဖြစ်တယ်။" ဟု Caballero က ပြောကြားပါသည်။ အစိုးရ အုပ်ချုပ်ရေး အဆင့်ဆင့်ရှိ ရှေ့နေများ၊ ဆက်သွယ်ရေးကျွမ်းကျင်၊ လူ့စွမ်းအား အရင်း အမြစ် စီမံခန့်ခွဲရေး မန်နေဂျာများ နှင့် စာရင်းကိုင် ကဲ့သို့သော အခြားကျွမ်းကျင်ပုဂ္ဂိုလ်များ ခြုံငုံစေရန် ယင်းပုံစံကို ချဲ့ထွင်ခဲ့ပါသည်။

Caballero သည် ကန့်လန့်ဖြတ် ဟူသော အသုံးအနှုန်းကို အကောင်းဆုံး အလေ့အကျင့်ကို တပြေးညီ ကျင့်သုံးရန်သာမက အရည်အချင်း မြှင့်တင်ရန်အတွက်လည်း အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။ မတူညီသော ဌာနများမှ ဝန်ထမ်းများကို စုစည်းထားသောကြောင့် ဌာနမှ အလိုအပ်ဆုံး သင်တန်းအမျိုးအစားကို သတ်မှတ်ရာတွင် လွယ်ကူပါသည်။ ထို့ကြောင့် ကုန်ကျစရိတ်သက်သာ၍ ဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်သုံးသပ်ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိဘဲ ဆောင်ရွက်နိုင်ပါသည်။

ယင်းအသုံးအနှုန်းဖြင့် ဆောင်ရွက်နိုင်စွမ်းနည်းပါးသော ဝန်ထမ်းများအတွက် လိုအပ်ချက်များကို သတ်မှတ်သော်လည်း အဖြေအတွက် တစ်ပါတည်း ကတိကဝတ်ပြုပါသည်။ Caballero တွင် သင်တန်း အစီအစဉ်များအတွက် ရံပုံငွေ မရှိပါ။ ထို့ကြောင့် သူသည် အဖွဲ့တစ်ဖွဲ့စီအတွက် အတော်ဆုံး အဖွဲ့ဝင်များကို သတ်မှတ်ခဲ့ပြီး ၎င်းတို့ကို အဖွဲ့ဝင်များ တိုးတက်ရေးအတွက် တာဝန်ချထားခဲ့ပါသည်။ Bagota မြို့၏ ပြန့်ကျဲနေသော နိုင်ငံ့ဝန်ထမ်းအလုပ်အကိုင်များ၌ တစ်ခုခြင်းစီတွင် အမှန်တကယ် ကျွမ်းကျင်သော ဝန်ထမ်းများ ရှိပါသည်။ ကန့်လန့်ဖြတ်အဖွဲ့မှ ယင်းကျွမ်းကျင်သူများကို အခြားဝန်ထမ်းများအား ကူညီပေးရန် ဆောင်ကျဉ်းလာပါသည်။ Caballero ကဲ့သို့ အကန့်အသတ်ရှိသော အရင်းအမြစ်များဖြင့် အလုပ်လုပ်နေရသော ဝန်ထမ်းအတွက် ယင်းကဲ့သို့သော ငွေကုန်ကျမရှိသော သင်တန်းသည် ဘုရားသခင်မှ စေလွှတ်သော သင်တန်းကဲ့သို့ ခံစားရပါသည်။ ထို့အပြင် ယင်းကဲ့သို့ ဌာနတွင်း သင်တန်းသည် ပြင်ပမှ သင်တန်းဆရာများ ငှားရမ်းစရာမလိုသည့်အတွက် ကုန်ကျစရိတ် သက်သာသည့်အပြင် ပို၍ ထိရောက်ကြောင်းလည်း Caballero မှ တွေ့ရှိခဲ့ပါသည်။ Bagota မြို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများက အခက်ခဲတစ်ခုစီတိုင်း၏ အဟန့်အတား

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties.
ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကို မည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

များ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက် တို့ကို သိမြင်ကြပါသည်။ မြို့တော်အစိုးရအတွင်း၌ မည်သို့ဆောင်ရွက်ရမည်ကိုလည်း သိရှိကြပါသည်။

နိုင်ငံ့ဝန်ထမ်းများအား ဌာနတစ်ခုမှ တစ်ခုအကြား ဆောင်ရွက်ရသည်မှာ မလွယ်ကူကြောင်း သိရှိစေပါသည်။ အထူးသဖြင့် ရာထူးကြီးသော ဝန်ထမ်းများအကြားတွင် ကန့်လန့်ဖြတ်အဖွဲ့များသည် ဝန်ထမ်းတို့၏ ပုံမှန်လုပ်ဆောင်ရမည့် တာဝန်များကို အနှောင့်အယှက် ဖြစ်စေသည်ဟု မြင်ကြပါသည်။ ယင်းအဖွဲ့များသည် ထိုစဉ်အချိန်အထိ ကြားပေါက်ဖွဲ့စည်းထားသော အဖွဲ့အနေဖြင့်သာ ရှိနေပါသေးသည်။ ဌာနအကြီးအကဲများသည် ၎င်းတို့၏ ဝန်ထမ်းများအား ကန့်လန့်ဖြတ်အဖွဲ့များအတွက် အချိန်ပေး ဆောင်ရွက်ခြင်းတားမြစ်ထားကြသည်။ သို့မဟုတ် ၎င်းတို့သည် နှုတ်ခမ်းဖျားနှင့်သာ အလုပ်လုပ်ကြပြီး အခြားဝန်ထမ်းများကို တာဝန်ပေးသည်ကလည်း ဖြစ်နိုင်ပါသည်။

ယင်းကဲ့သို့ ပြောင်းလဲခြင်းသည် တဖြေးဖြေး ပြောင်းလဲသော လုပ်ငန်းစဉ်ဖြစ်သော်လည်း အလုပ် ဖြစ်ကြောင်း Caballero မှ ပြောကြားပါသည်။ ပထမနှစ် အဆုံးပိုင်းတွင် ယင်းပြုပြင်ပြောင်းလဲမှုအတွက် ကြိုးပမ်းအားထုတ်မှုကြောင့် မြို့တော်ခရစ္စမတ်ပွဲသို့ ထောင်ပေါင်းများစွာသော နိုင်ငံ့ဝန်ထမ်းများး တက်ရောက်ကြပြီး ၎င်းတို့၏ အလုပ်ရည်မှန်းချက်များ (အစိုးရညွှန်ကြားချက်၊ ဘဏ္ဍာရေး၊ ပွင့်လင်းမြင်သာမှု စသည်)ကို အကျိုးများအပေါ်တွင် အရောင်များဖြင့် ဖော်ပြခဲ့ကြသည်။ တူညီသောအကျိုး အရောင်ဝတ်ထားသော မတူညီသော အဖွဲ့အစည်းများ၊ မတူညီသော အလုပ်အကိုင်အဆင့်များမှ နိုင်ငံ့ဝန်ထမ်းများ တွေ့ဆုံကြပါသည်။ ၎င်းအတွေ့အကြုံသည် နိုင်ငံ့ဝန်ထမ်းများအား စုပေါင်းဆောင်ရွက်ခြင်း အပေါ် ဝမ်းမြောက်စေ၍ ရဲဘော်ရဲဘက်စိတ်ထား လည်း ရှိလာစေပါသည် ဟု Caballero က ပြောကြားပါသည်။

*အစိုးရ အုပ်ချုပ်ရေးပုံစံ ပြောင်းလဲခြင်း*

Caballero ၏ ဒုတိယ အလေးထားသည့် ပြုပြင်ပြောင်းလဲမှုမှာ စီမံခန့်ခွဲရေး ၏ လူထုနှင့်ဆက်ဆံရသည့် ရုံးများတွင်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လူထုနှင့် အပြန်အလှန်ဆက်ဆံ ဆောင်ရွက်စေသည့် နည်းလမ်းဖြင့် ပြန်လည်အလေ့အထရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ "ပြည်သူလူထုက မကောင်းတဲ့ ဝန်ဆောင်မှုကို ပွင့်လင်းမြင်သာမှု မရှိတာနဲ့ တစ်တန်းတည်းထားတယ်" ဟု Caballero က Bagota မြို့၏ အခြေအနေကို ပြောကြားပါသည်။ "အဲဒီလိုက အားလုံးအတွက် ဖြစ်တာပါ" "ကျွန်မတို့ အစိုးရရုံးကို သွားရင်၊ လုပ်ဆောင်နေတာတွေက ကျွန်မတို့ကို ခက်ခဲစေမယ် ဆိုရင်၊ ကျွန်မတို့ကို စာရွက်စာတမ်းတွေ ပိုဖြည့်ခိုင်းမယ် ဆိုရင်၊ အဲဒီဝန်ထမ်းက လာဘ်ထိုးဖို့ ပြောမယ်လို့ ယူဆရတယ်" ဟု ပြောကြားပါသည်။ အရည်အသွေးညံ့ဖျင်းသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းသည် နိုင်ငံ့ဝန်ထမ်းများက အဂတိလိုက်စား၍ နိုင်ငံသားများကိုလည်း ယင်းအဂတိလိုက်စားမှုတွင် ပါဝင်ရန် တိုက်တွန်းစေပါသည်။

ထို့ကြောင့် Bagota မြို့၏ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအပေါ် တန်ဖိုးထား ဆောင်ရွက်သကဲ့သို့ ဂုဏ်သိက္ခာရှိမှုကိုလည်း တန်ဖိုးထားရန် အရေးကြီးပါသည်။ "ပြည်နယ် အုပ်ချုပ်မှုအဆင့်တွေမှာ လူထုကအာရုံရှိတဲ့သူကို အပြစ်သားလို့မြင်ကြတယ်။ ဘာလို့လဲဆိုတော့ ခင်ဗျားက သာမာန်စားပွဲမှာထိုင်မယ်၊ ကော်ဖီ သောက်ဖို့ အချိန်ရှိမယ်၊ ရေအိမ်သွားမယ်၊ ခင်ဗျားရဲ့ကလေးတွေဆီ ဖုန်းခေါ်မယ်" ဟု Caballero က ပြောကြားပါသည်။ Callabero က လူထုနှင့်ထိတွေ့နေရသော ရုံးများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို ဆွဲဆောင်ထိန်းသိမ်းထားခြင်းထက်၊ အလှည့်ကျတာဝန်ပေးလျှင် အဓိပ္ပာယ်ပိုမို ရှိမည်ဖြစ်သည်ဟု ယူဆပါသည်။ ၎င်းရုံးများတွင် တာဝန်ထမ်းဆောင်မည့် သူများကို ပင်ကိုစရိုက်နှင့် ပတ်သက်၍ စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အလုပ်နှင့် ကိုက်ညီမှုမရှိသော သူများကို ဖယ်ရှားခဲ့ပါသည်။

ယင်းကဲ့သို့ပြုလုပ်ခြင်းသည်လူထုအာရုံရှိသူများ ကို ဖယ်ရှားလိုက်ပြီး ၎င်းတို့၏နေရာများတွင် အခြားဝန်ထမ်းများကို အစားထိုး ခန့်အပ်လိုက်ခြင်းသာ ဖြစ်သည်။ Bagota မြို့ အုပ်ချုပ်ရေးပုံစံမှာ နောက်ထပ်အခက်အခဲ ဖြစ်ကြောင်း Caballero က မြင်ပါသည်။

Caballero က စကားလုံးအသုံးအနှုန်းများအပေါ်တွင် သတိပြုရခြင်းမှာ လူတစ်ယောက်သည် စကားလုံးအချို့ကို တစ်နေ့အတွင်း ကြိမ်ရေတစ်ရာလောက် ပြောဆိုနေပါက ယင်းစကားလုံးများသည် အလုပ်အပေါ် အကျိုးသက်ရောက်မှုမရှိသောကြောင့် ဖြစ်ပါသည်။ ဉပမာ - Caballero သည် နိုင်ငံ့ဝန်ထမ်းများအား funcionarios ဟု ခေါ်ဆိုခြင်းကို တားမြစ်ပါသည်။ ယင်းစကားလုံးသည် သတ်မှတ်ထားသော အလုပ်အတွက်သာ တာဝန်ရှိသည်ဟု အဓိပ္ပာယ်ရသောကြောင့် ဖြစ်သည်။ စီမံခန့်ခွဲရေး ဝန်ထမ်းများသည် servidores publicos ဟု သုံးနှုန်းရမည်ဟု သူ၏ ဝန်ထမ်းများအား ညွှန်ကြားပါသည်။ ယင်းစကားလုံးသည် မည်သည့်အခြေအနေတွင်မဆို လူထုအား ဝန်ဆောင်မှုပေးရမည် ဟု အဓိပ္ပာယ်ရပါသည်။ အလားတူပင် သူသည် "တိုင်စာများကို ဖြေရှင်းခြင်း" ကိုလည်း "တိုင်စာများအတွက် အဖြေရှာခြင်း" ဟူသော စကားရပ်ကို ရုံးများတွင် အသုံးပြုစေခဲ့ပါသည်။ Caballero သည် အုပ်ချုပ်ရေးကောင်းမွန်စွာ အလုပ်လုပ်ပါက အောင်မြင်မှုရနိုင်သည်ဟု ယုံကြည်သူဖြစ်သည်။

"နိုင်ငံ့ဝန်ထမ်းဆိုတာ အစိုးရက လူထုကို ဖောက်သည်၊ ဒါမှမဟုတ် သုံးစွဲသူများ လို့ မမြင်ရဘူး။ နိုင်ငံသားများအဖြစ် မြင်ရပါမယ်" ဟု Caballero က ၎င်းဝန်ထမ်းများအား ပြောကြားပါသည်။ သူသည် "ဖောက်သည်" ဆိုသော စကားလုံးကို ပယ်ဖျက်ပါသည်။ ယင်းသို့ညွှန်းဆိုခြင်းသည် မှားသည်ဟု သူက မြင်ပါသည်။ ဖောက်သည် ဆိုသည်မှာ ဝန်ဆောင်မှုရရန် တစ်နေရာရာသို့ သွားမယ်ဖြစ်ပြီး ဝန်ဆောင်မှုသည် စံနှုန်းနှင့် ကိုက်ညီမှုမရှိပါက ပေးချေမှုကို ဆိုင်းငံ့ထားတတ်ပါသည်။ သို့သော် လူထုမှာ ထိုသို့ မဟုတ်ပါ။ အစိုးရဝန်ဆောင်မှုလုပ်ငန်း အများစု

ကို အခွန်ပေးဆောင်ခြင်းအားဖြင့် ဝန်ဆောင်မှုအတွက် ကြိုတင် ပေးထားကြရပါသည်။ ဝန်ဆောင်မှုမကောင်းလျှင်လည်း အခြားသွားစရာ မရှိပါ။ Caballero က နိုင်ငံ့ဝန်ထမ်းအားလုံးကို ၎င်းတို့၏ လစာကို နေ့စဉ်တွက်ကြည့်စေ၍ "ဒီငွေတွေကို ရဖို့သင့်ရဲ့လား" ဟု မေးခွန်းထုတ်စေပါသည်။

*ဝန်ဆောင်မှုလုပ်ငန်းများကို အလှမ်းမီစေရန် နေရာချထားခြင်း*

Caballero နိုင်ငံ့ဝန်ထမ်းကဏ္ဍအား ပွင့်လင်းမြင်သာမှုရှိ၍ လူထုမှ အလှမ်းမီစေလိုပါသည်။ ၁၉၉၁ ခုနှစ် အစပိုင်း၌ Bagota မြို့တော် အစိုးရအဖွဲ့သည် *Centros de Atención Distrital Especializados* (CADEs, or District Specialized Attention Centers) ကို ဖွဲ့စည်းခဲ့ပါသည်။ ခရိုင်အဆင့် ဌာနခြောက်ခုအား တစ်နေရာတည်းတွင် စုစည်း၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်စေပါသည်။ ယင်းသို့ ဌာနပေါင်းစုံ ဖွဲ့စည်းခြင်းသည် သင့်တော်သော်လည်း CADE သည် ကောင်းစွာ ဆောင်ရွက်နိုင်ခြင်း မရှိပါ။ "ကျွန်မတို့သွားတဲ့အချိန်မှာ စောင့်ရတဲ့အချိန်ကို တိုင်းတာလို့တောင် မရဘူး ... အဆိုးဆုံးကတော့ အဲဒီဝန်ဆောင်မှုတွေကို အသုံးပြုသူတွေက လူမှုစီးပွားအခြေအနေ အနိမ့်ဆုံးအဆင့်က လူထုဖြစ်တယ်။ CADE အဖွဲ့တွေဆီကို သွားဖို့ သူတို့ရဲ့အလုပ်တွေကို တစ်နေ့တာ ဖျက်ပြီး သွားရတယ်" ဟု Caballero က ပြောကြားပါသည်။ ထိရောက်မှုမရှိသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းသည် Bagota မြို့၏ နိုင်ငံသားများအား ခက်ခဲစေပါသည်။ ချမ်းသာသူများသည် ကြားခံပုဂ္ဂိုလ်များကို ငွေပေး၍ အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ကြပါသည်။

Caballero သည် CADE ၏ ရက်သတ္တပတ်အတွင်း အလုပ်လုပ်သည့်အချိန်ကို တိုးမြှင့်လိုက်သည့်အတွက် ပြည်သူများသည် ၎င်းတို့အလုပ်အချိန်ကို ဖျက်ရန်မလိုအပ်တော့ပါ။ CADE သို့သွားသောသူ အများစုမှာ ကားရပ်နားခ ဒဏ်ကြေး၊ မီးခရေခ သို့မဟုတ် အခွန်ဆောင်ခြင်း ပေးချေမှုများအတွက်ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် RapiCADEs ကို ငွေရေတွက်ခြင်း ကျွမ်းကျင်သော ဝန်ထမ်းများကို ခန့်အပ်ပြီး အသေးစားရုံးလေးများကို ဖွဲ့စည်းခဲ့ပါသည်။ RapiCADE သည် လူထုထံမှ ပေးချေမှုတစ်မျိုးတည်းအတွက် လုပ်ဆောင်ပါသည်။ လူထုအနေနှင့် ပေးချေမှုများ ပိုမိုလွယ်ကူလာသဖြင့် ပြစ်မှုငယ်များ သိသာစွာ နည်းပါးလာခဲ့ပါသည်။

Bagota မြို့တွင် RapiCADE အဖွဲ့များကို ဖွဲ့စည်း၍ ငွေကြေး အလုံအလောက်မရှိသောကြောင့် (အဖွဲ့ပေါင်း ၃၀ ကျော်ရှိလာသည်) Caballero သည် ပုဂ္ဂလိကဘဏ်များအား ယင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအတွက် တာဝန်ယူပေးရန် တိုက်တွန်းခဲ့ပါသည်။ သူသည် ဘဏ်များ၌ ပြေစာများကို နှစ်လကြာသည်အထိ ထားရှိနိုင်ရန် အခွင့်ပြုထားခဲ့ပါသည်။ မကြာမီတွင် လူအများအပြားသည် ၎င်းကိစ္စရပ်များတွင် အချိန်အနည်းငယ်သာပေးရသောကြောင့် အိမ်တွင်လည်းကောင်း အလုပ်ခွင်တွင် လည်းကောင်း အချိန် ပိုပေးနိုင်လာပါသည်။ Caballero ၏ တာဝန်ကုန်ဆုံးချိန်တွင် ပြေစာများအတွက် ပေးချေရမှုသည် ယခင်က တစ်နာရီခွဲကြာခဲ့သည့် အခြေအနေမှ ငါးမိနစ်သာ ကြာတော့သည်။

Caballero ထူထောင်ခဲ့သော RapiCADE သည် အသေးစားဝန်ဆောင်မှုဖြစ်သော်လည်း SuperCADE မှာ ထိုကဲ့သို့ မဟုတ်ပါ။ SuperCADE တစ်ခုခြင်းစီသည် အစိုးရဝန်ဆောင်

မှုလုပ်ငန်းများကို ဆောင်ရွက်သည့် ဗဟိုရုံးဖြစ်ပါသည်။ Bagota မြို့အုပ်ချုပ်ရေးဝန်ထမ်းများနှင့် ပြည်သူလူထုမှ လိုချင်သော တစ်နေရာတည်းတွင် ကိစ္စရပ်များအားလုံး ဆောင်ရွက်နိုင်သော နေရာဖြစ်ပါသည်။ SuperCADE တွင် ပထမဆုံးအကြိမ်၌ Bagota မြို့နှင့် နိုင်ငံတော်အဆင့် အစိုးရဌာနမှ တာဝန်ရှိသူများ ပါဝင်ပါသည်။ Callabero သည် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများအတွက် အသုံးစရိတ်ကို မြို့တော်၏ အဖွဲ့အစည်း၏ ကုန်ကျစရိတ်မှ ခုနှိမ်ခဲ့ပါသည်။ ယင်းကဲ့သို့ ကုန်ကျစရိတ် ဝေမျှသုံးစွဲခြင်း၏ အကျိုးကျေးဇူးများ ရရှိပြီးဖြစ်ပါသည်။ SuperCADE ကို ယခင်က သိက္ခာမရှိသောနေရာ အဖြစ် ခေါ်ဆိုခဲ့သော ခရိုင်စီမံခန့်ခွဲရေးရုံးအတွင်း ထားရှိခဲ့ပါသည်။

၂၀၀၉ ခုနှစ် နောင်းပိုင်းတွင် Bagota မြို့၌ SuperCADE အဖွဲ့ ခြောက်ဖွဲ့ရှိလာခဲ့ပါသည်။ ၎င်းရုံးများကို အများပြည်သူအတွက် လွယ်ကူစေရန် များသောအားဖြင့် ကားမှတ်တိုင်များနှင့် ဘေးချင်းကပ်တွင် ထားရှိခဲ့ပါသည်။ Bagota မြို့၏ မြောက်ဘက် Suba ရှိ SuperCADE ကို စည်ပင်သာယာအဖွဲ့ ၃၅ ဖွဲ့ နှင့် အစိုးရတာဝန်ခံများဖြင့် လေယာဉ်ရုံအတွင်းတွင် တည်ဆောက်ထားပါသည်။ ယင်းခန်းမသည် ပွင့်လင်းစွာဖြင့် လေကောင်းလေသန့်လဲရရှိပြီး supermarket တစ်ခုနှင့်ပင် ဆင်တူပါသည်။ ယင်းခန်းမထဲတွင် မြင်သာထင်သာရှိစေရန် စားပွဲခုံများမရှိပါ။ ခန်းမ၏ ဝင်ပေါက်တွင် ဘဏ်နှစ်ခုမှ SuperCADE အတွက် ပေးချေမှုများကို ကောက်ခံပါသည်။ ဝန်ထမ်းသို့မဟုတ် နိုင်ငံသားတိုင်းသည် ခန်းမတွင်း လုပ်ဆောင်မှုများကို ကြည့်ရှုနိုင်ပါသည်။ ထို့ကြောင့် ကြည့်ရှုနေသော ပြည်သူများသည် ပေးချေမှုတိုင်းအတွက် ကောင်တာများတွင် ဆောင်ရွက်နေမှုများအားလုံးကို တွေ့ရှိနေရပါသည်။ ဝန်ဆောင်မှုနှင့် ပေးချေမှုတို့သည် ဆောင်ရွက်ရပုံခြင်း မတူညီပါ။ ယင်းလုပ်ငန်းစဉ်များတွင် နိုင်ငံသားတိုင်းသည် မတူညီသော ဒေသ၊ မတူညီသော ဝန်ထမ်းများနှင့် ဆက်ဆံရပါသည်။

Caballero ၏ ယခင်အလုပ်မှ မန်နေဂျာဖြစ်သူသည် ယင်းလုပ်ငန်းများအတွက် တာဝန်ခံဖြစ်ပါသည်။ နေ့စဉ် SuperCADE မှ လုပ်သားများကို မြို့တော်အဆင့်ဖြစ်စေ၊ နိုင်ငံတော်အဆင့် အဖွဲ့အစည်းများမှ ဖြစ်စေ ကြီးကြပ်ရပါသည်။ မန်နေဂျာသည် အလုပ်ချိန်နာရီ၊ ဝန်ထမ်းများအဝတ်အစားနှင့် ဝန်ဆောင်မှုလုပ်ငန်း လုံခြုံရေးရဲများ ကို သတ်မှတ်နိုင်ပါသည်။ မန်နေဂျာသည် SuperCADE ဝန်ဆောင်မှုတစ်ခုစီတိုင်း၏ ကြာချိန်ကို လစဉ်တိုင်းတာရပြီး ပြဿနာများကို ဖော်ထုတ်ရပါသည်။ ထို့ကြောင့် အစိုးရဌာနမှ တာဝန်ရှိသူများသည် ဝန်ဆောင်မှု၏ တူညီသောစံနှုန်းဖြင့် ဆောင်ရွက်ကြပါသည်။

နိုင်ငံတော်အဆင့်နှင့် မြို့တော်အဆင့် အဖွဲ့အစည်းများသည် Caballero ၏ SuperCADE တွင် ၎င်းတို့အတွက် ပြေစာများ ပိုမိုရရှိနိုင်၍ ပေါင်းစည်းခြင်းအားဖြင့် ရုံးသုံးစရိတ် လျှော့ချနိုင်သောကြောင့် ၎င်းတို့၏ ကိုယ်စားလှယ်များ ထည့်သွင်းချင်ကြပါသည်။ နိုင်ငံသားများသည် ယင်းစနစ်၏ အကျိုးကျေးဇူးအနေနှင့် "တစ်လုံးထဲပြောရရင် - လေးစားမှု" ကို ရရှိခဲ့သည်ဟု Caballero ကပြောကြား ပါသည်။

## ရလဒ်ကို အကဲဖြတ်ခြင်း

Castro တာဝန်ယူပြီး ဆယ်နှစ်အကြာတွင် Bagota မြို့အစိုးရအဖွဲ့၏အခြေအနေသည် ၁၉၉၂ ခုနှစ်

အခြေအနေနှင့် လုံးဝကွဲပြားခဲ့ပါသည်။ ကံအားလျော်စွာ ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် Castro သည် organic-law အချက်အလက်များကို ထည့်သွင်းနိုင်ခဲ့သောကြောင့် ၎င်း၏ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရန် ခုခံရပ်တည်မှုသည် မလွယ်ကူပါ။ Castro ၎င်း၏ နိုင်ငံရေး တတ်ကျွမ်းမှုများဖြင့် မြို့တော်ဝန်ရုံး နှင့် မြို့တော်ကောင်စီအကြား အာဏာဘက်မျှစေရန် ခုခံဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ပြုလုပ်ခဲ့သည့်အတွက်ကြောင့် ၎င်း၏ နိုင်ငံရေးလုပ်ဆောင်မှုများကို ထိခိုက်ခဲ့ပါသည်။ သူသည် Mockus အား မြို့တော်ကောင်စီကို တင်းကျပ်စွာ ကိုင်တွယ်ရန် အကြံပြုခဲ့သော်လည်း နောက်ပိုင်းတွင် အတော်အသင့် နည်းလမ်းဖြင့်သာ ကိုင်တွယ်ရန် အကြံပြုခဲ့ပါသည်။

Mockus သည် ၎င်းတာဝန်ယူစဉ်ကာလအတွင်း ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ပိုမိုကောင်းမွန်လာစေရန် ဌာနတွင်း အရည်အသွေးဖြည့် အစီအစဉ်များ နှင့် မြို့တော် အုပ်ချုပ်ရေး၏ ပွင့်လင်းမြင်သာမှုရှိရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါသည်။ Mockus နှင့် ရင်းနှီးသူ တခါတရံတွင် မြို့တော်ဝန်အနေနှင့် တာဝန်ယူခဲ့သူ Paul Bromberg က "ယူဆချက်အများပေါ် အခြေခံထားတဲ့ အကြံဉာဏ်နဲ့ စခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့က ကမ္ဘာပေါ်မှာ အဆိုးဆုံး မြို့ဖြစ်ခဲ့တယ်။ နောက်ထပ် မှားတဲ့အကြံဉာဏ်နဲ့ပဲ ကျွန်တော်တို့က အကောင်းဆုံးဖြစ်ခဲ့တယ်။ ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးတက်ကောင်းမွန်လာတာကြောင့် ဖြစ်တယ်"ဟု ပြောကြားခဲ့ပါသည်။

Castro နှင့် Mockus တို့သည် မြို့တော်ကောင်စီကို မူလစိတ်ထားအတိုင်း အတိုက်အခံ လုပ်သင့်သည် ဆိုသည့်အချက်သည် မေးခွန်းထုတ်စရာတစ်ခုအဖြစ် ကျန်ရှိနေခဲ့ပါသည်။ Mockus ၏ အစိုးရအဖွဲ့သည် မြို့တော်ကောင်စီနှင့် အတိုက်အခံလုပ်ခဲ့ရခြင်းကို အချိန်များပြုန်းတီးခဲ့သည့်အတွက် နောင်တရကြပါသည်။ ၎င်းတို့သည် ရန်ဘက်များဖြစ်ခဲ့သည်။ ကောင်စီဝင်များက အရအသုံးခန့်မှန်းခြေငွေစာရင်း တိုးမြှင့်လာမှုကို ခွင့်ပြုခြင်းမရှိသောကြောင့် Mockus အုပ်ချုပ်ရေးအဖွဲ့သည် ၎င်းတို့၏ ဆောင်ရွက်ချက်များကို ကန့်သတ်ခဲ့ရသည်။ မြို့တော်ကောင်စီက ပြုပြင်ပြောင်းလဲမှု အတော်များများအတွက် ဆောင်ရွက်ချက်များအပေါ် ဥပဒေခွင့်ပြုချက်မပေးသောကြောင့် ပြုပြင်ပြောင်းလဲမှုများသည် ပုံစံကျနစွာ မရှိပါ။ ထိပ်တိုက်ရင်ဆိုင်မှုများသည် ငွေကုန်ကြေးကျများပါသည်။

## ထင်ဟပ်မှုများ

နောက်ဆုံးသုံးသပ်ချက်အနေနှင့် Castro နှင့် Mockus တို့သည် ၎င်းတို့ အမှန်တကယ် လုပ်ဆောင်နိုင်သည့် အတိုင်းအတာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ သမိုင်းကြောင်းအရ တည်ငြိမ်မှု မရှိသော Bagota မြို့တွင် ပြောင်းလဲမှုများသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်ပါ။ ၂၀၀၄ ခုနှစ်တွင် တာဝန်ယူခဲ့သော အစိုးရ၏ လုပ်ဆောင်မှုများသည် ၁၉၉၂ ခုနှစ်တွင် ရှိသော Bagota မြို့သူမြို့သားများအတွက် ကြီးမားပါသည်။ Bagota မြို့အား ပြောင်းလဲမှုသည် မြို့တော်တွင်ရှိသော ကန့်သတ်မှုများ၏ သက်ဆိုင်နေပါသည်။ ကိုလံဘီယာနိုင်ငံတွင် ရေးအယူအဆဖြစ်သော Sergio Fajardo ၏ အုပ်ချုပ်မှုအောက်ရှိ Medellin တီထွင်ဆန်းသစ်သော အုပ်ချုပ်မှုဖြစ်စေရေး အယူအဆသည် တကျော့ပြန်ခေတ်စားလာခဲ့ပါသည် ("From

Fear to Hope in Colombia: Sergio Fanardo and Medellin, 2004-2007" ကို ကြည့်ပါ)။ အပယ်ခံဘဝမှ စံနမူနာဖြစ်လာသည့် မမျှော်လင့်သော ပြောင်းလဲမှုသည် မည်သို့ဆိုစေ တော်လှန်ရေး တစ်ရပ် ဖြစ်ပါသည်။

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties.
ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကိုမည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။